# ဥရောပသမဂ္ဂထံမှ ယူရို ၂ သန်းအား EBO မှတစ်ဆင့် ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌထံသို့ပေးအပ်ခဲ့ခြင်း စွပ်စွဲချက်အား ရှင်းလင်းချက် (၂၀၁၆ ခုနှစ် အောက်တိုဘာလ (၃၁) ရက်)

၂၀၁၆ ခုနှစ် အောက်တိုဘာလ (၂၈) ရက်တွင် Dictator Watch မှ ရေးသားထုတ်ဝေသည့် သတင်းစဉ် http://www.dictatorwatch.org/prKNUupdate.html တွင် ဥရောပသမဂ္ဂ (EU) က ဦးဟန်ယောင်ဝေ (Euro Burma Office - EBO) မှတဆင့် ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ မူတူးစေဖိုး အား ယူရို ၂ သန်း နှင့်အတူ အခြားအထောက် အပံ့များကို ပေးအပ်ခဲ့ကြောင်း အခြေအမြစ်မရှိ စွပ်စွဲရေးသားထားပါသည်။

EBO သည် ၂၀၁၃ ခုနှစ်မှ ယနေ့အချိန်အထိ ဥရောပသမဂ္ဂ (EU) ထံမှ ငွေကြေးထောက်ပံ့မှု ရယူခဲ့ခြင်းမရှိကြောင်းနှင့် ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ မူတူးစေဖိုး အပါအဝင် အခြားမည်သည့် တိုင်းရင်းသားခေါင်းဆောင်များကိုလည်း ယူရို ၂ သန်း ပေးအပ်ခဲ့ခြင်း မရှိပါကြောင်း အသိပေးအပ်ပါသည်။

တိုင်းရင်းသားခေါင်းဆောင်များကို ငွေကြေးမက်လုံးပေးစည်းရုံးနိုင်သည်ဟူသော စွပ်စွဲချက်သည် တိုင်းရင်းသားခေါင်းဆောင်များ၏ ဂုဏ်သိက္ခာကိုထိခိုက်စော်ကားခြင်းပင်ဖြစ်ပါသည်။ Dictator Watch အနေဖြင့် မည်ကဲ့သို့သော အကျိုးရလာဒ်ကို မျှော်မှန်း၍ ထိုသို့စွပ်စွဲရေးသားသည်ဆိုသည်မှာ မေးစရာမေးခွန်း ရှိလာပါသည်။

မိမိတို့ EBO ရုံးအနေဖြင့် နှစ်ပေါင်း (၇၀) ခန့်ရှိနေပြီဖြစ်သော ပြည်တွင်းပဋိပက္ခအဆုံးသတ်ရေးအတွက် ပါဝင်သင့်ပါဝင်ထိုက်သူများအားလုံးပါဝင်၍ တရားမျှတမှုနှင့် တန်းတူညီမျှမှုရှိသော နိုင်ငံရေးဆွေးနွေးပွဲများဖြစ်ပေါ်လာရေးအတွက် ကူညီလုပ်ဆောင်လျှက်ရှိပါသည်။ ထိုသို့ပါဝင်ကူညီရန် ယခင် သမ္မတဟောင်း ဦးသိန်းစိန်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်များ၏ ဖိတ်ကြားချက်ဖြင့်ပါဝင်လုပ်ဆောင်နေခြင်းဖြစ်ပါသည်။

EBO ၏ လုပ်ငန်းများကို စိတ်ဝင်စားသူများအား မိမိတို့၏ website http://www.euro-burma.eu/ တွင် ဝင်ရောက်လေ့လာရန် ဖိတ်ကြားအပ်ပါသည်။ EBO ၏ နှစ်စဉ်အစီရင်ခံစာများနှင့် ငွေစာရင်းရှင်းတမ်းများကိုလည်း လေ့လာနိုင်ကြောင်းနှင့် မိမိတို့၏ ငွေစာရင်းများကို နိုင်ငံတကာအသိအမှတ်ပြုစာရင်းစစ်အဖွဲ့မှ နှစ်စဉ်ပုံမှန် စစ်ဆေးခြင်းများကိုပြုလုပ်နေပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

ဟန်ယောင်ဝေ
အမှုဆောင်ဒါရိုက်တာ၊ Euro Burma Office (EBO)